# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 30, 2020 Volume 30, Number 16


**၃၀.၄.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၁ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၂၀/- ကျပ် |
| CBM Rate | = ၁၄၁၀.၉ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၂.၉- ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၇.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၅၄.၉ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၀.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၉.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၈၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၄.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၅၅၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## COVID-19 ကာလအတွင်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှု ၁၀ ခု ခွင့်ပြု

COVID-19 ရောဂါ ဖြစ်နေသော်လည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရန်ကုန်တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီတို့က လုပ်ငန်း ၁၀ ခုကို ခွင့်ပြုပေးခဲ့ကြောင်း ထုတ်ပြန်သည်။ COVID-19 ကာလအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက်စေရန် ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကအစည်းအဝေးပြုလုပ်၍ ခွင့်ပြုခြင်းဖြစ်သည်ဟုဆိုသည်။ ခွင့်ပြု ရာတွင် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က လုပ်ငန်းငါးခုအတွက် ဒေါ်လာ ၆၄ သန်းနှင့် ကျပ် ၁၀ ဘီလီယံ၊ ရန်ကုန်တိုင်းရင်းနှီးမြှုပ်နှံမှုကော်မတီက ဒေါ်လာ ငါးသန်းနှင့် ကျပ်တစ်ဘီလီယံတို့ဖြစ်သည်။

ကော်မရှင်ကခွင့်ပြုသည့်လုပ်ငန်းများတွင် ဆောင်ရွက်ဆဲလုပ်ငန်းသုံးခုက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းနှင့် ဝန်ဆောင်မှု၊ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်အိမ်ရာကဏ္ဍတို့မှ စုစုပေါင်း လုပ်ငန်းအသစ်ငါးမျိုးတို့ပါဝင်သည်။ ရန်ကုန်တိုင်းကော်မတီကနိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုတို့ပါဝင်သည် ဟုထုတ်ပြန်သည်။

**Source:** https://7day.news/detail?id=184909

## COVID-19 ကာလဖြစ်သော်လည်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၆၅ သန်းကျော်ဖိုး ထပ်ခွင့်ပြု




မြန်မာနိုင်ငံသည် COVID-19 ကူးစက်မှုနှင့် ရင်ဆိုင်နေရသည့် ကာလ ဖြစ်သော်လည်း အမေရိကန်ဒေါ်လာ ၆၅ သန်းခန့်နှင့် ကျပ်သန်း ၁၀,၀၀၀ ကျော်ဖိုး ရှိသော ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထပ်မံခွင့်ပြုလိုက်သည်။ COVID-19 သက်ရောက်မှုကာလအတွင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက်စေရန်အတွက် ဧပြီလ ၂၈ ရက်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က Video Conferencing စနစ်ဖြင့် အစည်းအဝေးကိုပြုလုပ်ကာ ရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုမိန့်ချပေးခဲ့ခြင်းဖြစ်သည်။ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုမိန့်ချပေးရာတွင် ဆောင်ရွက်ဆဲလုပ်ငန်းသုံးခုမှ မတည် ငွေရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် အခြားဝန်ဆောင်မှုကဏ္ဍ၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ကဏ္ဍနှင့် အိမ်ယာ၊ အဆောက်အဦကဏ္ဍမှ လုပ်ငန်းအသစ် ၅ ခုကို ခွင့်ပြုခဲ့သည်ဟု မြန်မာနိုင်ငံ

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားဆက်ဆံရေးဝန်ကြီးဌာနမှသိရသည်။ အဆိုပါလုပ်ငန်းများ၏ ရင်နှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၅၉၄ သန်းနှင့် ကျပ် ၁၀,၈၄၀ ဒသမ ၁၃၄ သန်းရှိပြီး ယင်းလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၄၄ နေရာကို ဖန်တီး ပေးနိုင်မည်ဟု ဝန်ကြီးဌာနကဆိုသည်။ ဧပြီလပထမအပတ်ကလည်း ဆောင်ရွက်ဆဲလုပ်ငန်း ၁၃ ခုမှ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့်အခြား ဝန်ဆောင်မှုကဏ္ဍတို့မှလုပ်ငန်းအသစ် ၁၁ ခုကိုခွင့်ပြုခဲ့ပြီး ယင်းလုပ်ငန်းများ၏ ရင်နှီးမြှုပ်နှံမှုပမာဏသည် ကန်ဒေါ်လာ ၅၅၅ ဒသမ ၂၃၃ သန်းနှင့် ကျပ် ၅၁,၀၄၀ ဒသမ ၂၆ သန်းရှိသည်။

အဆိုပါရင်းနှီးမြှုပ်နှံမှုများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃,၂၃၄ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး COVID–19 ကြောင့် အလုပ်အကိုင်ရရှိရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် လုပ်သားအခြေပြုလုပ်ငန်းများအား စနစ်တကျစိစစ် ခွင့်ပြုပေးလျက်ရှိသည်ဟုဆိုသည်။ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရာတွင် ၂၀၂၀ ခုနှစ်၊ မတ်လကုန်အထိ စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ထားပြီး နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အချက်အလက်များအရ ရေနံနှင့် သဘာဝဓါတ် ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၉၄ ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီး မြှုပ်နှံမှု၏ ၂၆ ဒသမ၂၆ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့် ရင်းနှီးမြှုပ်နှံထားသည်။

**Source:** https://myanmar.mmtimes.com/news/138733.html

## ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်အမျိုးအစားနစ်ခုထပ်တိုး

ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သည့် ကုန်စည်အမျိုး အစားနှစ်ခု ထပ်တိုးခဲ့ကြောင်း ပြည်တွင်းအခွန်များ ဦးစီးဌာနက ဧပြီ ၂၈ ရက်တွင်ကြေညာသည်။ ထပ်တိုး ကုန်စည်နှစ်ခုအနက်တစ်ခုမှာ ကုသရေးဦးစီးဌာနကသတ်မှတ်သည့် ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာ တန်ဆာပလာများ၊ ဆေးဂွမ်း၊ ဆေးဝတ်နှင့် ဆေးပတ်တီးတို့ဖြစ်သည်။ အဆိုပါ ကုန်စည်အတွက် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဘက်ဆိုင်ရာကိရိယာများ၊ အသုံးအဆောင်များ၊ ဝတ်စုံများ၊ စမ်းသပ်စစ်ဆေးသည့်ကိရိယာစသော ဆေးဘက်ဆိုင်ရာကိရိယာများလည်း ပါဝင်မည်ဖြစ်သည်။

ထို့ပြင် လူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါးအမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့် ကန့်သတ်ထားသော ဆေးဝါးမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီးသော ဆေးဝါးများ) သည် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ရမည်ဖြစ်သည်။ အဆိုပါကုန်စည်အပေါ် ရှင်းလင်းဖော်ပြထားချက်အရ FDA မှတ်ပုံတင်လက်မှတ် ရရှိပြီးဖြစ်သော COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါး၊ ပိုးသတ်ဆေး၊ လက်သန့်ဆေးရည် စသည့် ဆေးဝါးများလည်း ပါဝင်မည်ဖြစ်သည်။ "COVID ဖြစ်တဲ့အခါ အမိန့်ကြေညာစာထုတ်ရင် တချို့အရာတွေကိုရှင်းရှင်းလင်းလင်းနဲ့ ပေါ်လွင်အောင်လုပ်ဖို့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ကို တောင်းတယ်။ သူတို့ကလည်း COVID နဲ့ပတ်သက်တာ ဒါတွေပါဆိုပြီး ပြန်ကြားလာတယ်။ ဒါကြောင့် ရှင်းလင်းသွားအောင် ထပ်ဖြည့်လိုက်တာ"ဟု ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်ကပြောသည်။

ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်အမျိုးအစား ၁၇ မျိုးကို ဖေဖော်ဝါရီ ၆ ရက်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာထားပြီးဖြစ်သည်။ ကုန်သွယ်ခွန် ကင်းလွတ်ခွင့်ရှိမည့် ကုန်စည်များတွင် အစေ့ထုတ်ပြောင်းနှင့် ပြောင်းစေ့အမျိုးမျိုး၊ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး၊ ဒိန်ချဉ်၊ ပဲနို့၊ သီးနှံများ၏ မျိုးစေ့ပင်များ၊ ဝါကုန်ကြမ်း၊ ဆပ်ပြာမှုန့်ပြုလုပ်မည့် ကုန်ကြမ်း၊ တိရစ္ဆာန်နှင့်တိရစ္ဆာန်သုံးအစာထုတ်လုပ်ရန် ကုန်ကြမ်းတို့ပါဝင်သည်။

**Source:** https://7day.news/detail?id=184908

## စိန်တလုံးသရက်အနုများတင်ပို့မှုနှင့် အသီးစုပြုံရောက်ရှိမှုများကြောင့် ဈေးကွက်ကျ



တရုတ်ဈေးကွက်ဝင် စိန်တလုံးသရက်သီးများတင်ပို့မှုတွင် အသီးအနုများ ရောစွဲ တင်ပို့မှုနှင့် စုပြုံရောက်ရှိလာခြင်းကြောင့် သရက်ဈေးကွက်တွင် အဖွင့်ဈေးမှာ ယခင်နှစ်များထက် ယွမ် ၂၀ ခန့် ကျဆင်းခဲ့ပြီး အရည်အသွေးနှင့် သတ်မှတ်အရွယ်အစားရှိသော စိန်တလုံးသရက်များသာ တင်ပို့သင့်သည်ဟု မြန်မာ့ သရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။

သရက်သီးအနုများနှင့် ရင့်မှည့်သရက်များရောနှောတင်ပို့ခြင်းမှာ တရုတ်နယ်စပ်ကုန်သွယ်ရေးပိတ်မည်ဟူသော ကောလဟလများကြောင့် ဈေးကွက်အမြန်ရောက်ရှိရန် ခူးဆွတ်ခြင်းနှင့် လေတိုက်ခတ်မှုကြောင့် မကြွေကျမီ ခူးဆွတ်တင်ပို့မှုများကြောင့်ဟုဆိုသည်။ "သရက်အနုသီးတွေတင်တာက မူဆယ်လမ်းပိတ်မယ်ဆိုတဲ့ ကောလာဟလသတင်းတွေကြောင့်ပါ။ အချို့ပွဲရုံတွေက ငွေကြိုပေးထားတာရှိလို့ဖြစ်အောင်တင်ပို့ကြသလို လေတိုက်မိုးရွာမှာစိုးတော့ အပင်ကမကြွေခင်ခူးပြီး စုပြုံပို့ကြလို့အဝင်များ တယ်။ အရင့်တင်တဲ့သူတွေလည်း ဈေးမရတော့ဘဲ အရင်နှစ်ပေါက် ဈေးထက် ယွမ် ၂၀ လောက်ဈေးကျတယ်။မနှစ်က ယွမ် ၁၄၀ ဆိုရင် ဒီနှစ်မှာ ၁၂၀ ဝန်းကျင်ပဲ"ဟု ၎င်းကပြောသည်။

လက်ရှိ တရုတ်ဘက်သို့ တင်ပို့သည့် စိန်တလုံးသရက်ဈေးကွက်တွင် စိန်တလုံးအိတ်စွပ် တစ်ခြင်းလျှင် ယွမ် ၇၀ မှ ၁၃၀၊ အိတ်လွတ်မှာယွမ် ၃၀ မှ ၆၀ ဝန်းကျင်ပေါက်ဈေးရှိပြီး အရောင်အဆင်း၊ အရွယ်အစားနှင့်အရည်အသွေးပေါ်မူတည်၍ ဈေးကွာဟမှုရှိကြောင်း၊ သရက်ခြင်းများတွင် အလုံးရေ ၅၀ခန့်ပါရှိမှ ဈေးကောင်းရနိုင်ပြီး အလုံး ၆၀ ခန့်ပါသောခြင်းများတင်ပို့မှု ရပ်ထားသင့်ကြောင်း သိရသည်။ "သရက်ဈေးကွက်မှာ အနုတွေ ရောက်လာတာက ၅၀ ရာနှုန်းလောက်ရှိတယ်။ ဒီနေ့မှာ (ဧပြီ ၂၉) ယာဉ်မောင်း အစားထိုးနဲ့ ဖရဲသွားနဲ့ သရက်ကားတွေ ပုံမှန်ပြန်ဝင်နေတယ်။ သရက်ခြင်းတွေက ကီလိုမပြည့်တာတွေ၊ မညီညာတဲ့ အသီးတွေဖြစ်နေတယ်။ သရက်သီးတိုင်း ဈေးကွက်ဝင်ပေမယ့် ဈေးတန်းမရဘူးပေါ့"ဟု ခွာညိုသစ်သီးပွဲရုံမှ ပြောသည်။

ထို့ပြင် စိန်တလုံးသရက်သီး အများဆုံးဝယ်ယူသော တရုတ်ဘက်မှ ခွေးမင်၊ ထိန်ချုန်း၊ ရွှေလီနှင့် အခြားဒေသများ သာမက မူဆယ်တွင်လည်း မိုးဆက်တိုက် ရွာသွန်းမှုကြောင့်လဲ သရက်ဈေးကွက် ကျဆင်းပြီး Online ဈေးကွက်မှ အများဆုံး အရောင်းအဝယ်ဖြစ်ကြောင်း၊ သရက်သီးအနုနှင့် အရင့်အရည်အသွေးပေါ် မူတတည်၍ ဈေးကောင်း ရရှိနိုင်သဖြင့် သရက်သီး အရင့်များကိုသာ တင်ပို့သင့်သည်ဟုဆိုသည်။

**Source:** https://myanmar.mmtimes.com/news/138738.html

## ထိုင်းသို့တင်ပို့သည့် မြန်မာ့ပြောင်းဆန်များ ဝယ်ယူမှုနည်းပါး၍ အခက်ကြုံ



ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနေသည့် မြန်မာ့ပြောင်းဆန်များ လတ်တလောဝယ်ယူမှုနည်းပါး၍ အခက်ကြုံနေရကြောင်း ကုန်သည်များထံမှသိရသည်။ "ထိုင်းဘက်က အဝယ်နည်းလာတယ်။ တဖြည်းဖြည်း ဈေးကျချင်လာတယ်။ ဧပြီလ ၂၅ ရက်နောက်ပိုင်းမှာ သူတို့ဘက်က အဝယ်မလိုက် ချင်တဲ့ပုံစံမျိုးဆိုတော့ ပြောင်းတွေ ငြိမ်နေတယ်။ ပြောင်းကထိုင်းနိုင်ငံ အတွင်းကို တော်တော်များများ ဝင်လာပြီဖြစ်တဲ့အတွက် သူတို့ကတဖြည်းဖြည်း သိပ်ပြီးတော့ မဝယ်ချင်တော့တဲ့ ပုံစံတွေဖြစ်လာတယ်။ လက်ရှိမှာတော့ ထိုင်းဘက်က ဟိုကုန်သည်ကိုလိုက်ရောင်း ဒီကုန်သည်ကို လိုက်ရောင်းနဲ့ အခက်ကြုံနေကြတယ်။ မြန်မာဘက်က ဒီမှာလာရောင်းတဲ့သူတွေက

မကိုက်ဘူးဖြစ်နေတယ်။ ” ဟု ပြောင်းဆံကုန်သည်တစ်ဦးဖြစ်သူ Klohtoo Wah co.ltd မှ ဒါရိုက်တာ ဦးအောင်မြင့်ဦးက မြန်မာတိုင်းမ်သို့ ပြောသည်။ ထိုင်းနိုင်ငံသို့ ပြောင်းဆံတင်ပို့မှုကို ၂၀၁၉ ခုနှစ်မှစတင်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံသဘောတူညီချက်ဖြင့် အခွန်ကင်းလွတ်ခွင့်ပြုထားသည်။

သို့ရာတွင် ထိုင်းနိုင်ငံ၏ တောင်သူလယ်သမား အကျိုးစီးပွား ကာကွယ်သောအားဖြင့် နှစ်စဉ် ထိုင်းနိုင်ငံတွင် ပြောင်းထွက်ရာသီဖြစ်သည့် ဖေဖော်ဝါရီမှ ဩဂုတ်လအထိသာ တင်ပို့ခွင့်ပြုထားပြီး ယင်းလများကျော်ပါက အခွန်ပေးဆောင်ရသည်။ လက်ရှိတွင် ပြောင်းဆန် ၁၅ ကီလိုတစ်ပုံးလျှင် ယခင်ထိုင်းဘတ်ငွေ ၁၀၇ ဘတ်ခန့်အထိရှိသော်လည်း ၁၁၇ ဘတ်အထိ ဈေးတက်သွားပြီး သယ်ယူပို့ဆောင်ရေး ကားခများလည်း ဈေးတက်လာကြောင်း ဦးအောင်မြင့်ဦးကပြောသည်။ “လောလောဆယ်မှာတော့ မြန်မာနိုင်ငံနဲ့ ထိုင်းနယ်စပ်မှာ ပြောင်းဆန်တွေကပုံနေတယ်။ အရင်ကပုံမှန်တစ်နေ့ကို ကားအစီး ၂၀၀ လောက်ထွက်နေရာကနေပြီးတော့ အခုလောလောဆယ် မြန်မာကားအဝင်က ၃၀၀ နီးပါးဖြစ်တယ်။ မြန်မာကား နှစ်စီးဆိုရင် ထိုင်းကား ၃ စီးချိန်ရတယ်။ ထိုင်းက ကားတစ်စီးမှ အိတ် ၆၀၀ လောက်တင်တာ ။ မြန်မာက အိတ် ၇၀၀ တင်တယ်။ အခုတော့ ဒီဘက်မှာပစ္စည်းတွေက ပြန်ပုံလာတယ်” ဟု ရွှေစိုးမိုးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ဦးလှမိုးကပြောသည်။ ထို့ပြင် မတ်လအတွင်းကလည်း ထိုင်းဘတ်ငွေမတည်ငြိမ်မှုများကြောင့် ပြောင်းဆန်တင်ပို့နေသည့် ကုန်သည် ၂၀ ခန့်မှာ ကားတစ်လျှင် ၅ သိန်းမှ ၇ သိန်းခန့်အထိအရှုံးပေါ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/138725.html

## လာမည့်ငါးလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ခြောက်သိန်းခန့်တင်ပို့ရန် အစိုးရနှင့်ညှိနှိုင်းဆောင်ရွက်မည်ဟု ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌပြော



ပြည်ပဆန်တင်ပို့မှုကို လာမည့်ငါးလအတွင်း ပျမ်းမျှတန်ချိန် ခြောက်သိန်းခန့် တင်ပို့ရောင်းချနိုင်ရန် အစိုးရနှင့် ညှိနှိုင်းဆောင်ရွက်မည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။ ၂၀၁၉ အောက်တိုဘာမှ ၂၀၂၀ ဧပြီလဆန်းအထိအချိန် ခြောက်လကျော်အတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၇ သိန်းခန့်တင်ပို့ထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ဆန်နှင့်ဆန်ကွဲတန်ချိန် ၂၃ သိန်းကျော် တင်ပို့ခဲ့သည်။

ပြည်ပဆန်တင်ပို့မှုသည် ကုန်သည်စက်ပိုင်များ၏ အကျိုးအမြတ်သာမက နိုင်ငံတော်၏ နိုင်ငံခြားဝင်ငွေနှင့် စိုက်ပျိုးသူတောင်သူများအတွက် သီးနှံဈေးကောင်းရရှိမည့် အခွင့်အလမ်း ဖြစ်သည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တာဝန်ရှိသူများကပြောသည်။ COVID-19 ရောဂါကြောင့် ယာယီရပ်ဆိုင်းခဲ့သော ပြည်ပဆန်တင်ပို့မှုကို မေလတွင်စတင်ခွင့်ပြုရန် ဝန်ကြီးဌာနကစီစဉ်နေကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်က ဆိုသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က မေလတွင် ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် တစ်သိန်း၊ တရုတ်နိုင်ငံသို့ နယ်စပ်မှ ဆန်တန်ချိန် ငါးသောင်းတင်ပို့ရန် စီစဉ်ထားသည်ဟု ဦးရဲမင်းအောင်ကပြောသည်။ “တစ်လကို ဆန်တန်ချိန် တစ်သိန်းလောက်ပို့နိုင်ဖို့ အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်သွားမှာပါ”ဟု ၎င်းက ဆိုသည်။

ပြည်ပ ဆန်တင်ပို့ရောင်းချမှုကြောင့် ပြည်တွင်း စားနပ်ရိက္ခာအခက်အခဲမဖြစ်စေရန် တင်ပို့သည့် တန်ချိန်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်အဖြစ် ရန်ကုန်နှင့်မန္တလေးမြို့တို့တွင်ထားရှိသွားမည်ဟုပြောသည်။ “အရန်ဆန်ရှိနေတော့ ပြည်တွင်းစားနပ်ရိက္ခာအတွက်လည်းဖူလုံမယ်။ လိုအပ်ရင်လိုအပ်သလိုလည်း ရိက္ခာဖြန့်ဖြူးပေးသွားနိုင်မယ်”ဟု ဦးရဲမင်းအောင်ကပြောသည်။ COVID-19 ရောဂါ ဖြစ်ပွားနေချိန်အတွင်း ပြည်တွင်းစားနပ် ရိက္ခာဖူလုံရန် ဆန်တန်ချိန် ငါးသောင်းနှင့် စားအုန်းဆီ တန်ချိန် ၁၂,၀၀၀ ဝယ်ယူစုဆောင်းရန် အစိုးရက ကျပ် ၃၈ ဘီလီယံ ထုတ်ယူသုံးစွဲမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောထားသည်။

လက်ရှိသည့် နှမ်းစပါးအသစ်ပေါ်ထွက်ချိန်ဖြစ်ပြီး စပါးဈေးက တင်းတစ်ရာလျှင် ကျပ် ၅၃၀,၀၀၀ မှ ၅၈၀,၀၀၀ ကြား ဈေးဖွင့်သည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ဆန်တန်ချိန် ၁၄ သန်းခန့် စိုက်ပျိုးထုတ်လုပ်ပြီး တန်ချိန် ပြည်တွင်းစားသုံးမှုထက် တန်ချိန် လေးသန်းနီးပါးပိုလျှံသည်။ ထို့ကြောင့် ပြည်ပဆန်တင်ပို့မှုက စိုက်ပျိုးသူ တောင်သူများအတွက် သီးနှံဈေးကျဆင်းမှုကို ထိန်းပေး နိုင်သည်။ "ပြည်ပပို့ခွင့်က အရေးကြီးတယ်။ ပြည်ပဈေးကွက်ရှိမှ လယ်သမားက စပါးဈေးရမှာလေ"ဟု ဓနုဖြူမြို့နယ်မှ လယ်သမား ဦးသိန်းအောင်ကပြောသည်။

COVID-19 ရောဂါအလွန် စီးပွားရေးကဏ္ဍတွင် စားနပ်ရိက္ခာထုတ်လုပ်မှုလုပ်ငန်းများက အဓိကအခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် ထုတ်လုပ်မှုမြှင့်တင်ရန် ကြိုတင်ပြင်ဆင်ထားသင့်ကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကဆိုသည်။ မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်က စိုက်ပျိုးသူတောင်သူများ ငွေကြေးရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန် ယခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ ကို တစ်ဧကလျှင် ကျပ်နှစ်သိန်းအထိ တိုးမြှင့်ပေးရန် အစိုးရကိုအကြံပြုထားသည်။ ထို့အပြင် ၁၀ ဧကအောက် ပိုင်ဆိုင်သော လယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေသတ်မှတ်ထုတ်ချေးနေခြင်းမှ လယ်ဧက ၁၀၀ အထိ တိုးမြှင့်ပေးရန် အကြံပြုထား သည်။

**Source:** https://7day.news/detail?id=184907

## ထိုင်းနယ်စပ်ဂိတ်ပိတ်ထားသောကြောင့် ကျောက်ပုစွန်လုပ်ကိုင်သူများအခက်ကြုံ

ကမ္ဘာတစ်ဝန်း ဖြစ်ပွားနေသော ကိုဗစ် – ၁၉ ရောဂါနှင့်ပတ်သက်၍ ထိုင်းနယ်စပ်ဂိတ်များ ပိတ်လိုက် သဖြင့် ရေဖြူမြို့နယ် ကံပေါက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ တစ်ပိုင်တစ်နိုင် ကျောက်ပုစွန်လုပ်ကိုင်သူများ အခက်ကြုံလျက်ရှိကြောင်း အဆိုပါလုပ်ကိုင်သူထံမှသိရသည်။ ကိုဗစ် – ၁၉ စတင်ဖြစ်ပွားချိန်တွင် အိမ်နီးချင်း ထိုင်းနိုင်ငံသို့တင်ပို့နေသော ကျောက်ပုစွန် ဈေးကွက်မှာ တစ်ပိဿာကို ငွေကျပ်လေးသောင်းမှ ငါးသောင်းအထိ ပေါက်ဈေးရှိပြီး လက်ရှိတွင် အဝယ်ဒိုင်များရပ်နားလိုက်၍ စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ဒေသအတွင်းကျေးရွာများကိုသာ လိုက်လံပြီးရောင်းချရကြောင်းသိရသည်။ "အခုက ထိုင်းနယ်စပ်ဂိတ်တွေပိတ်ထားတော့ ဖောက်သည်သွင်းနေတဲ့အဝယ်ဒိုင်တွေက အရောင်းအဝယ် ရပ်နားထားတာကြောင့် မိသားစုစားစရိတ် အဆင်ပြေအောင် အနီးဝန်းကျင်ကျေးရွာတွေကို တစ်ပိဿာ ငွေကျပ်တစ်သောင်းခွဲ လောက်ပဲ ရတဲ့ဈေးနဲ့ရောင်းချနေရတယ်" ဟု ကူးတို့ဆိပ်ကျေးရွာမှ ကျောက်ပုစွန်လုပ်ကိုင်သူတစ်ဦးကပြောသည်။ ကံပေါက်ကျေးရွာ အုပ်စုများအတွင်းရှိ ကျေးရွာများဖြစ်သော ကျောက်ထရံကျေးရွာ၊ ဓမင်းဆိပ်ကျေးရွာ၊ ကူးတို့ဆိပ်ကျေးရွာစသည့် ကျေးရွာများ တို့သည် ပင်လယ်ပြင် ငါးဖမ်းခြင်းလုပ်ငန်းဖြင့် အဓိက စီးပွားရေးလုပ်ကိုင်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## နှမ်းစပါးပေါ်ချိန် ဆန်အဝင်များသဖြင့် ဆန်အရောင်းအဝယ်အေးနေ

နှမ်းစပါးပေါ်ချိန်တွင် ဆန်ဝင်ရောက်မှုများသဖြင့် ပြည်တွင်းဆန်ဈေးကွက်တွင် အရောင်းအဝယ်အေးနေကြောင်း ဆိပ်ကမ်းမြို့နယ် ဝါးတန်းလမ်းကုန်စည်ဒိုင်မှသိရသည်။ ကိုဗစ် – ၁၉ ရောဂါကြောင့် ပြည်သူများ ဆန်ကြိုတင်ဝယ်ယူကြပြီး ပြည်သူများထံတွင် ဆန်လက်ကျန်များရှိနေကြောင်း၊ ပြည်တွင်းဆန် ဈေးကွက်တွင် အရောင်းအဝယ်အေးနေကြောင်း၊ ဆန်ကြမ်း ပြည်ပပို့ကုန် ခဏနားထားပြီး ဆန်ချောပို့ကုန်မရှိကြောင်း၊ စပါးသစ်ပေါ်လာချိန် ဆန်လှိုင်သည့်အတွက် ဆန်ပြတ်လပ်မှု မရှိကြောင်း၊ ဧပြီ ၂၇ ရက်တွင် ဆန်ကုန်စည်ဒိုင်ပြန်ဖွင့်ပြီး ဆန်ဆိုင်များလည်း ပြန်ဖွင့်မည်ဖြစ်ကြောင်း၊ ရောင်းဝယ်မှု ရှိလျှင် ဆန်မရှားနိုင်ကြောင်း ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းကပြောသည်။ လက်ရှိ ပြည်တွင်းဆန်ဈေးနှုန်းများမှာ ဆန်ကြမ်း တစ်အိတ်လျှင် ငွေကျပ် နှစ်သောင်း သုံးထောင်မှ ငွေကျပ် နှစ်သောင်းငါးထောင်ဝန်းကျင်ရှိပြီး ဆန်ချောမှာ ဘိုကလေးပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် သုံးသောင်းခုနစ်ထောင်မှ ငွေကျပ်သုံးသောင်း ရှစ်ထောင်၊ မြောင်းမြပေါ်ဆန်း တစ်အိတ်လျှင် ငွေကျပ် လေးသောင်း နှစ်ထောင်မှ ငွေကျပ် လေးသောင်း သုံးထောင်ကျပ်၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ်ငါးသောင်း သုံးထောင်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ပိုးမွှားကင်းစင်ကြောင်းထောက်ခံချက်မပါသဖြင့် မြန်မာ့ဆန်များကို တရုတ်လက်မခံ

ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်မပါလို့ မြန်မာ့ဆန်တွေကို တရုတ်နိုင်ငံဆီ တင်ပို့လို့မရဘဲ မူဆယ်နယ်စပ်မှာ ဆန်အိတ်တွေသောင်းနဲ့ချီ သောင်တင်နေပါတယ်။ ဧပြီ ၃ ရက်ကစတင်ပြီး မူဆယ်နယ်စပ်မှာ တရုတ်ပြည်ဝင်ရောက်လာတဲ့ ဆန်ကားတွေကို တရုတ်အစိုးရ တာဝန်ရှိသူတွေက ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်လက်မှတ် တောင်းခံမှုတွေ ရှိနေတာပါ။ ဒါပေမဲ့ မြန်မာလုပ်ငန်းရှင်တွေဘက်က သူတို့တောင်းခံတဲ့ လက်မှတ်ကို မပေးနိုင်တာကြောင့် တရုတ်ပြည်အတွင်းကို ဝင်ရောက်ခွင့်မရဘူးလို့ မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောပါတယ်။

ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်စာရွက်ကို လုပ်ငန်းရှင်တွေက စိုက်ပျိုးရေးဦးစီးဌာနကို တောင်းခံထားပေမဲ့လည်း ဌာနဘက်က ထုတ်ပေးနိုင်ခြင်းမရှိသေးလို့လည်းဆိုပါတယ်။ "မြန်မာနိုင်ငံမှာ ဒီလက်မှတ်ကို စိုက်ပျိုးရေးဌာနက ထုတ်ပေးရမှာပါ။ ဒါပေမဲ့ဌာနက ခုချိန်ထိ ထုတ်မပေးနိုင်သေးဘူး"လို့ မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒု-ဥက္ကဋ္ဌ ဦးမင်းသိန်းကပြောပါတယ်။ ဒါကြောင့်မူဆယ်နယ်စပ်မှာ ဆန်တန်ချိန် ၃၀၀၀ လောက် ဆန်အိတ်အရေအတွက်အားဖြင့် ၆၀၀၀၀ လောက်ဟာ တစ်လလောက် သောင်တင်နေပါတယ်။

**Source:** http://burmese.dvb.no/archives/385089?fbclid

## ပြည်ပသို့ ဆန်ပုံမှန်တင်ပို့မှု တန်ချိန် ၁၅၀,၀၀၀ မေလတွင် စတင်ပို့မည်

ပြည်ပသို့ ဆန်တင်ပို့မှုကို လာမည့်မေလမှစ၍ ပုံမှန်တိုင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မေလအတွက် တန်ချိန် ၁၅၀,၀၀၀ တင်ပို့သွားမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်သည်။ ပြည်ပသို့ ဆန်တင်ပို့ရာတွင် ပင်လယ်ရေကြောင်းမှ တန်ချိန်တစ်သိန်းနှင့် နယ်စပ်မှ တန်ချိန်ငါးသောင်းခန့်ကို တင်ပို့ရန်အတွက် စီးပွားရေးနှင့်ကူးသန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ညှိနှိုင်းသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ဆန်တန်ချိန် ၂ သန်းကျော် တင်ပို့ရန် ဆောင်ရွက်နေပြီး မေလမှစတင်ကာ ပုံမှန်အတိုင်းတင်ပို့၍ ပြည်ပတင်ပို့မှုပမာဏထဲမှ ၁၀ ရာခိုင်နှုန်းစီကို အရန်ဆန်အဖြစ်ထားရှိသွားမည်ဟု ဆန်စပါးအသင်းချုပ်ကဆိုသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဧပြီလတစ်လလုံး ဆန်ပြည်ပတင်ပို့မှု လိုင်စင် ချပေးခြင်း ရပ်နားခဲ့ပြီး မေလတွင် အကန့်အသတ်ဖြင့် ပြန်လည်ချပေးမည်ဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဧပြီလလယ်အထိ ဆန်တန်ချိန် ၁ ဒသမ ၇ သန်းပို့ပြီးထားပြီဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ဗဟိုအလုပ်မှုဆောင် ဒေါက်တာစိုးထွန်းက မြန်မာတိုင်းမ်ကိုပြောသည်။ ''တိုင်းပြည်က ဆန်တန်ချိန် ၂ သန်းခွဲနဲ့ ၃ သန်းကြားပိုလျှံတယ်။အဲဒါကို export နှစ်တိုင်း ပို့တာ။ပြီးခဲ့တဲ့ နှစ်က ၂ သန်းခွဲလောက် ပို့ခဲ့တယ်။ ဒီနှစ်လဲ အဲလောက်ပို့မှာ။အခုဟာက ကိုဗစ်ဖြစ်သွား ဖြစ်သွားတဲ့အတွက် အစိုးရက အရန်ဆန် ထားရှိဖို့ လုပ်တာ။ ပြည်ပတင်ပို့မှုပမာဏထဲကနေ ဆန်ဖြစ်စေ၊ဆန်ကွဲဖြစ်စေ ၁၀ ရာခိုင်နှုန်းရောင်းပေးရမယ်။ဆန် ဧည့်မထကို အစိုးရကနေ တစ်အိတ်ကို ၂၁၆၀၀ ဈေးနဲ့ဝယ်ပေးမယ်။ ပင်လယ်ရေကြောင်းကနေ ပြည်ပသွားတဲ့ဟာတွေက ရန်ကုန်မှာရောင်းပေးရမယ်။ နယ်စပ်သွားတာ တွေက မန်းလေးမှာ ရောင်းပေးရမယ်''ဟု ၎င်းကပြောသည်။

ဆန်ပြည်ပတင်ပို့မှုအား ထိုသို့ပမာဏ ကန့်သတ်ထားမှုသည် ဘက်ပေါင်းစုံမှ အကြံပြုချက်များနှင့် အခြားသောနိုင်ငံများ၏ ဆောင်ရွက်သော အခြေအနေများကိုအခြေခံ၍ မြန်မာနိုင်ငံနှင့်သင့်လျော်သောအခြေအနေကို အစိုးရ-ပုဂ္ဂလိက ညှိနှိုင်းဆွေးနွေးသတ်မှတ်ခြင်း ဖြစ်သည်ဟုသိရသည်။ တရုတ်သို့ နယ်စပ်မှ ဆန်တင်ပို့မှုတွင် တရုတ်၏တင်းကြပ်မှုများကြောင့် တင်ပို့မှုအပေါ် အခက်အခဲဖြစ်လာပြီး တဖက်တွင်လည်း ဆန်တင်ပို့မှုကို လိုင်စင်အကန့်အသတ်ဖြင့် တင်ပို့ရမည်ဟု မန္တလေးရှိ ဆန်ကုန်သည် ဦးစိုင်းကျော်ကပြောသည်။ ''အခုက အကန့်အသတ်နဲ့ လိုင်စင်ပေးတယ်။ဆန်တန်ချိန် ၁၀၀၀ တင်ပို့တိုင်း အစိုးရကို တန်ချိန် ၁၀၀ ပြန်ရောင်းပေးရမှာ။၁၀ ရာခိုင်နှုန်းပြန်ရောင်းပေးရမှာဖြစ်တော့ အဲဒီ ၁၀ ရာခိုင်နှုန်းက အပြင်ပေါက်ဈေးနဲ့ ကွာသွားတဲ့အတွက် အခုလက်ရှိသွားနေတဲ့ ပါမစ်ဈေးတွေက ဈေးမြင့်သွားတယ်။ လူတိုင်းကလည်း လိုင်စင်မရတော့ဘူး။ နိုင်ငံတော် အတိုင်ပင်ခံပြောထားတာက အခု ဧပြီလ မှာ ၂ ရာခိုင်နှုန်းနိုင်ငံတော်ကို အခွန်ပေးဆောင်ရမယ့်ဟာကို ဖြေလျှော့လိုက်တယ်။ အရင်တုန်းက ၄၅၀ လောက် နိုင်ငံတော်ကို အခွန် ဆောင်ရတယ်။ဖြေလျှော့လိုက်တော့ သုညဖြစ်ရမှာကို ဒါပေမယ့် အခုက မဖြစ်ပဲနဲ့ ပါမစ်ရှိ တဲ့သူဆီက ပြန်-ဝယ်ရတော့ ၈၀၀ ၊ ၁၀၀၀ ဖြစ်သွားတယ်''ဟု ၎င်းကပြောသည်။

မေလအတွက် ပြည်ပတင်ပို့ရန် ဆန်တန်ချိန် ၁၅၀,၀၀၀ သတ်မှတ်ရာတွင် ဆန်၊ ဆန်ကွဲနှင့် ကောက်ညှင်းတို့ပါဝင်ပြီး ပေါင်းဆန် (Parboiled Rice) အပေါ်တွင် တင်ပို့ရန် ပမာဏကန့်သတ် ထားမှု မရှိပေ။ လာမည့်လအတွက် ပင်လယ်ရေကြောင်း တင်ပို့မှုကို ကုမ္ပဏီ ၁၁၂ ခုခန့်နှင့် နယ်စပ်တင်ပို့မှုကို ကုမ္ပဏီ ၂၀၀ ခန့်မှ သတ်မှတ်ခွဲဝေထားသော ပမာဏများကို တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ပမာဏများခွဲဝေသတ်မှတ်ရာတွင် လွန်ခဲ့သော ၃ နှစ်အတွင်း လစဉ်ပျမ်းမျှ တင်ပို့မှု၏ ၆၀ ရာခိုင်နှုန်းကို ကုမ္ပဏီများအားလုံး အခြေခံခွဲဝေပေး၍ Contract Farming လုပ်ဆောင်မှု Supply Chain & Value Chain တစ်လျှောက်လုပ်ဆောင်မှု၊ ဆန်စက်နှင့်သိုလှောင်ရုံရင်းနှီးမြှုပ်နှံမှု၊ အဖွဲ့ဝင်အများအတွက် ကိုယ်စားပြုဆောင်ရွက်မှု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစသည့် လုပ်ဆောင်ချက်ရှိ သော ကုမ္ပဏီများကို အပိုထပ်ဆောင်း၍ သင့်တင့်မျှတစေရန် အတတ်နိုင်ဆုံး စီစဉ်ထားသည်ဟု အသင်းချုပ်ကဆိုသည်။ ပြည်တွင်း၊ပြည်ပ ဈေးကွက်အခြေအနေနှင့် Covid-19 အခြေအနေပေါ်တွင် မူတည်၍ ပြည်ပတင်ပို့မှုကို နိုင်ငံတော်အစိုးရနှင့်ညှိနှိုင်းတင်ပြအကြံပြုဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလောအခြေအနေတွင် နွေစပါးပေါ်ချိန် ဖြစ်၍ တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေရသလို စားသုံးသူပြည်သူများအတွက် Covid-19 ကာလတွင် ဆန်ဈေးသင့်တင့်မျှတစေရန် အသင်းချုပ်၊ ညီနောင်အသင်းများနှင့် ကုန်စည်ဒိုင်များ၊ ဆန်စပါးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းဈေးကွက်သည် ထုတ်လုပ်မှု ၇၀ ရာခိုင်နှုန်းကျော်ဖြစ်ပြီး ပြည်ပတင်ပို့မှုသည် ထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းကျော် ဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပ ဈေးကွက်နှစ်ခုစလုံးအတွက် ချင့် ချိန်သုံးသပ်ဆောင်ရွက်လျက်ရှိသည်ဟု ဆန်စပါးအသင်းချုပ်က ဆိုသည်။ ဆန်ပြည်ပတင်ပို့ရာတွင် အရန်ဆန်ထားရှိရေးကို နိုင်ငံတော်၏ အရန်ရိက္ခာအစီအစဉ်အောက်တွင် ဆောင်ရွက်သွားမည်ဖြစ်ပြီး Exporter များသည် ပြည်ပတင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းပမာဏကို အရန်ဆန် (၂၅ ရာခိုင်နှုန်း broken, well-milled & sorted grade)ကို သတ်မှတ်သိုလှောင်ရုံများတွင် ပေးသွင်းရမည်ဖြစ်ပြီး တတိယအဖွဲ့အစည်းဖြစ်သော MITS မှ အရည်အသွေး၊ အရေအတွက်ကို စစ်ဆေးလက်ခံယူမည်ဟုသိရသည်။

ပင်လယ်ရေကြောင်းမှ တင်ပို့မှုအတွက် ရန်ကုန်တိုင်းဒေသကြီးတွင် အရန်ဆန်လက်ခံမည်ဖြစ်ပြီး နယ်စပ်မှ တင်ပို့မှုအတွက် မန္တလေးတိုင်းဒေသကြီးတွင် စားသုံးသူရေးရာဦးစီးဌာနမှ သိုလှောင်ထိန်းသိမ်းကြီးကြပ် လက်ခံသွားမည်ဟုသိရသည်။ လက်ရှိအခြေအနေတွင် ဆန်စပါးဈေးကွက်သည် ပြည်တွင်းဖူလုံမှုအပြည့်အဝရှိပြီး လိုအပ်ပါက ရိက္ခာဖြန့်ဖြူးရေးအတွက် အရန်ဆန်ထားရှိရေးကိုပါ စီစဉ်ဆောင်ရွက်နေသဖြင့် လုံလောက်ဖူလုံမှုရှိသည်ဟု ဆန်စပါးအသင်းချုပ်ကဆိုသည်။ တစ်ဖက်တွင်လည်း အာဆီယံနိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံများအား G to G ညှိနှိုင်းရောင်းချရန် ဆွေးနွေးစီစဉ်လျက်ရှိသည်သိရသည်။

**Source:** https://myanmar.mmtimes.com/news/138731.html

## အိန္ဒိယအစိုးရက မတ်ပဲတန်ချိန် နှစ်သိန်းခွဲတင်သွင်းခွင့်ကာလနောက်ဆုတ်ပေး

ကိုဗစ်-၁၉ ရောဂါကြောင့် ပဲတင်ပို့နိုင်ငံများ သတ်မှတ်ကာလအတွင်း တင်ပို့ရောင်းချရန် အခက်ကြုံနေသဖြင့် မတ်ပဲတန်ချိန်နှစ်သိန်းခွဲတင်သွင်းခွင့်ကာလကို အိန္ဒိယအစိုးရက ၂၀၂၀ ပြည့်နှစ် မေလလယ်အထိ နောက်ဆုတ်ပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် အိန္ဒိယအစိုးရက မြန်မာအပါအဝင် ပဲတင်ပို့သောနိုင်ငံများထံမှ မတ်ပဲတန်ချိန် ၁ ဒသမ ၅ သန်းဝယ်ယူခဲ့ပြီး မတ်ပဲလိုအပ်ချက်ရှိခြင်းကြောင့် မတ်ပဲတန်ချိန်နှစ်သိန်းခွဲ ထပ်မံဝယ်ယူမည်ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၀ ရက်နောက်ဆုံးထားတင်ပို့ရန် သတ်မှတ်ခဲ့သည်။ သို့သော် ပဲတင်ပို့နိုင်ငံများသည် သတ်မှတ်ကာလအတွင်း တင်ပို့ရောင်းချရန်အခက်ကြုံနေသဖြင့် ပထမအကြိမ် ဧပြီလကုန်အထိ(တစ်လ) နောက်ဆုတ်ထားခဲ့ပြီး ယခုအခါ ကိုဗစ်ရောဂါဖြစ်ပွားမှုကြောင့် မေလ ၁၅ ရက်အထိ ထပ်မံနောက်ဆုတ်ပေးခြင်းဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် အချိန်မီတင်ပို့နိုင်ရေးသက်တမ်းတိုးပေးရန် မေတ္တာရပ်ခံခြင်းကြောင့် တင်ပို့ရမည့်ကာလကို နောက်ဆုတ်ပေးခြင်းဖြစ်ပြီး ထပ်မံအချိန်ရွှေ့ဆိုင်းပေးတော့မည်မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံ၏ပဲမျိုးစုံတင်ပို့ရာ အဓိကဈေးကွက်ကြီးတစ်ခုဖြစ်ပြီး မတ်ပဲပြည်ပတင်ပို့မှု ၇၀ ရာခိုင်နှုန်းကိုလည်း

အိန္ဒိယဈေးကွက်သို့တင်ပို့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ အိန္ဒိယနိုင်ငံသည် ပြည်တွင်းပဲစားသုံးမှုလိုအပ်ချက်အတွက် ပြည်ပနိုင်ငံများမှ ပဲမျိုးစုံတန်ချိန်းငါးသိန်းခန့် နှစ်စဉ်တင်သွင်းလျက်ရှိသည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/?ref=page_internal

## စက်တင်ဘာလအထိ လစဉ် ဆန်တန်ချိန်တစ်သိန်းခွဲ ပြည်ပတင်ပို့ခွင့်ပြုမည်

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စက်တာဘာလကုန်အထိ လစဉ်ဆန်တန်ချိန်တစ်သိန်းခွဲ ပြည်ပတင်ပို့ခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ လစဉ် ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန် တစ်သိန်း၊ နယ်စပ်မှ ဆန်တန်ချိန်ငါးသောင်းကို ပို့ကုန်လိုင်စင်စိစစ်ရေးအဖွဲ့က စိစစ်ခွင့်ပြုမည်ဖြစ်ပြီး မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်က အဆိုပြုတင်ပြသည့်ကုမ္ပဏီများ ပို့ကုန်လိုင်စင်လျှောက်ထားခွင့်ရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြသည်။ ဆန်ပို့မည့်ကုမ္ပဏီများကို လွန်ခဲ့သည့်သုံးနှစ်အတွင်း အမှန်တင်ပို့ခဲ့သည့်ပမာဏအအပေါ်အခြေခံကာ တင်ပို့နိုင်မည့်ပမာဏကို ခွင့်ပြုမည်ဖြစ်ပြီး တစ်လချင်းအလိုက်ပို့ကုန်လိုင်စင်လျှောက်ထားရမည်ဖြစ်ကာ နှစ်လ/သုံးလစာအတွက်လိုင်စင်လျှောက်ထား ခွင့်မပြုကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ဆန်နှင့်ဆန်ကွဲပို့ကုန်လိုင်စင်ကို အထောက်အထားပြည့်စုံစွာတင်ပြပါက အစိုးရရုံးဖွင့်ရက် ၃ ရက်အတွင်း လိုင်စင်ထုတ်ပေးမည်ဖြစ်ကာ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလအတွင်း ဆန်နှင့်ဆန်ကွဲ ပို့ကုန်လိုင်စင် သက်တမ်းကို တစ်လသတ်မှတ်ထားသည်။ ဆန်တင်ပို့ရာတွင် တင်ပို့မှုပမာဏ၏ ၁၀ ရာခိုင်နှုန်းကို အစိုးရသို့ အရန်ဆန်အဖြစ် ကြိုတင်ရောင်းချပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယေဘူယျအားဖြင့် တစ်နှစ်လျှင် ဆန်တန်ချိန် ၁၃ သန်းမှ ၁၄ သန်းအထိထုတ်လုပ်နေပြီး ပြည်တွင်း စားသုံးမှု ကိုးသန်းမှ ၁၀ သန်းရှိသဖြင့် နှစ်စဉ်ဆန်တန်ချိန်သုံးသန်း ပြည်ပတင်ပို့နိုင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ဧပြီလဆန်းတွင် The Voice Journal သို့ ပြောဆိုသည်။ "ပြည်တွင်းဈေးကွက်က ဦးစားပေး စဉ်းစားရတာပေါ့။ ဒါကလည်း အချိန်ကာလတစ်ခုပါပဲ။ မေလဆိုရင် အိတ်စ်ပို့လုပ်ငန်းတွေက အင်တိုက်အားတိုက် လုပ်နိုင်ဖို့ ညှိနိုင်းတိုင်ပင်နေပြီလေ။ အဲ့တော့ မေလကနေစပြီး လိုင်စင်အသစ်တွေချပေးမယ်၊ ပြည်ပတင်ပို့တဲ့လုပ်ငန်းတွေ အရှိန်အဟုန်နဲ့ စနိုင်ရင် ကမ္ဘာ့လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းနိုင်မယ်။ နောက်နွေစပါးပေါ်ချိန်မှာ တောင်သူလယ်သမားတွေ ဈေးကောင်း ရမယ့်အနေအထား ဖြစ်လာမှာပါ " ဟု ၎င်းကပြောဆိုသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပြည်တွင်းဆန်ဖူလုံရန် အစိုးရအနေနှင့်အရန်ဆန်ဝယ်ယူနေပြီး ပြည်တွင်း၌ ဆန်ဖူလုံ သဖြင့် ၂၀၂၀ ပြည့်နှစ် မေလမှစ၍ ပုံမှန်ပြည်ပတင်ပို့မည်ဖြစ်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန်နှစ်သန်းတင်ပို့ရန် ရည်မှန်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဧပြီ ၂၈ ရက်တွင် သတင်းထုတ်ပြန်ထားသည်။ ပြည်တွင်းဆန် စားသုံးမှုသည် ဆန်ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး ၂၀ ရာခိုင်နှုန်းကို ပြည်ပသို့တင်ပို့နေသဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်နှစ်ခုလုံးအတွက် ချင့်ချိန်ဆောင်ရွက်နေကြောင်း ယင်းထုတ်ပြန်ချက်တွင် ရေးသားထားသည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/posts/606732016594747?__tn__=K-R

## ကိုဗစ်ကြောင့် ကန်စီးပွားရေး ၅% နီးပါးကျဆင်း

အမေရိကန်ပြည်ထောင်စုမှာ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါအန္တရာယ်ကြောင့် စက်မှုလုပ်ငန်းတွေ ပိတ်ပစ်ခဲ့ရသလို ရုံးလုပ်ငန်းတွေပါ ရပ်ဆိုင်းသွားတဲ့အတွက် ဆယ်နှစ်ကျော်ကာလအတွင်း အဆိုးဆုံးအချိန်နဲ့ ရင်ဆိုင်နေရချိန်မှာပဲ အခုပထမ ၄ လပတ်ထဲမှာ အမေရိကန်စီးပွါးရေးဟာ ၄.၈ % ကျဆင်းသွားတယ်လို့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့မှာ ပြောပါတယ်။ ဒီကပ်ရောဂါရဲ့ ရိုက်ခတ်မှုဟာ စီးပွါးရေး အပေါ်မှာ ကြီးမားတဲ့ သက်ရောက်မှုရှိခဲ့ပြီး ဇန်နဝါရီလကနေ မတ်လ အတွင်း ကျဆင်းမှုကိုကြည့်ရင် မတ်လနောက်ဆုံး ၃ ပတ်မှာ အဆိုးဆုံးဖြစ်ခဲ့တာပါ။ အလုပ်သမားထောင်ပေါင်းများစွာ အလုပ်လုပ်နေတဲ့ ပင်မစက်ရုံကြီးတွေကို ပိတ်ပစ်ခဲ့ရသလို လက်ကားအရောင်းဆိုင်တွေ အပါအဝင် လုပ်ငန်းအကြီးစားတွေ သာမက အသေးစားတွေပါမကျန် အကုန်ပိတ်ပစ်ခဲ့ရတာပါ။

ဒါပေမယ့် စီးပွါးရေးအပေါ် ဒီကပ်ရောဂါရဲ့ တကယ်တမ်း ရိုက်ခတ်မှု ဘယ်လောက်ရှိမယ် ဆိုတာကိုတော့ ဒုတိယ ၄

လပတ် အစီရင်ခံစာ ထုတ်ပြန်မယ့် နောက် ၃ လတာ ကာလအတွင်း သိနိုင်အုံးမှာ မဟုတ်သေးပါဘူး။ ဘာကြောင့်လည်း ဆိုတော့ ဧပြီလထဲ အလုပ်သမား လျှော့ချမှုက ဘယ်အတိုင်းတာအထိ ထိခိုက်မယ်ဆိုတာ မသိရသေးတာကြောင့် ဖြစ်ပါတယ်။ လက်ရှိမှာပဲ အလုပ်သမား ၂၆ သန်း အလုပ်လက်မဲ့ဖြစ်နေပြီး အလုပ်လက်မဲ့ခံစားခွင့် လျှောက်ထားသူ အရေအတွက်ကလည်း တပတ်ကို သန်းနဲ့ချီတိုးနေတာကြောင့်ဖြစ်ပါတယ်။ ဒီအစီရင်ခံစာအရ နိုင်ငံ့ GDP က လက်ရှိမှာ သိပ်အားမကောင်းပေမယ့် အမေရိကန်နိုင်ငံသားတွေရဲ့ တီထွင်နိုင်စွမ်းနဲ့ အနိုင်မခံအရှုံးမပေးကြိုးစားလုပ်ဆောင်မှုတွေကြောင့် အမေရိကန်နိုင်ငံရဲ့ စီးပွါးရေးက ဆက်ပြီး ကြံ့ကြံ့ခိုင်နိုင်မှာဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Wilbur Ross ကပြောပါတယ်။

**Source:** https://www.facebook.com/VoA.Burmese.News/posts/10158053452405170?__tn__=K-R

## မြန်မာသံရုံးသို့ Industrial Bank of Korea (IBK) နှင့် KB Kookmin Bank တို့မှ အမေရိကန်ဒေါ်လာ (၁၅၆,၈၃၃) တန်ဖိုးရှိ မြန်မာနိုင်ငံအတွက် COVID-19 ရောဂါစမ်းသပ်ရေးပစ္စည်းများအား ပေးပို့လှူဒါန်းသွားရန်အတွက် လိုအပ်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်း




၂၉-၄-၂၀၂၀ ရက်နေ့၊ မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံအခြေစိုက် Industrial Bank of Korea (IBK) ၏ Vice President & Managing Director ဖြစ်သူ Mr. Kim Hyung-Il ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် KB Kookmin Bank မှ Global Supporting Division ၏ အကြီးအကဲ Mr. Kim Hyeun Jong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့သည် ကိုရီးယားသမ္မတ နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်အား သီးခြားစီ လာရောက်တွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ COVID-19 ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် တတ်အားသရွေ့ပါဝင်လှူဒါန်းရန် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလဆန်းပိုင်း ဘဏ်များနှင့်တွေ့ဆုံခဲ့စဉ်အစည်းအဝေးများတွင် မြန်မာသံရုံး၏ ဖိတ်ခေါ်ဆွေးနွေးထားခဲ့မှုအရ Industrial Bank of Korea (IBK) ဘဏ်မှ အမေရိကန်ဒေါ်လာ (၈၁,၅၉၃) တန်ဖိုးရှိ လူဦးရေ (၃၀၀၀) ကို စစ်ဆေးပေး နိုင်မည့် COVID-19 Detection Kit များနှင့် Viral Transport Medium (VTM) (COVID-19 Sample Collection Kit) (၅၀၀၀)ခု တို့ကိုလည်းကောင်း၊ KB Kookmin Bank မှ အမေရိကန် ဒေါ်လာ (၇၅,၂၄၀)တန်ဖိုးရှိ လူဦးရေ (၃၀၀၀)ကို စစ်ဆေးပေးနိုင်မည့် COVID-19 Detection Kit များနှင့် Viral Transport Medium (VTM) (COVID-19 Sample Collection Kit) (၃၀၀၀)ခု တို့ကိုလည်းကောင်း မြန်မာနိုင်ငံသို့ပေးပို့လှူဒါန်းသွားရန်အတွက် လိုအပ်သည့်စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို သံရုံးညွှန်ကြားခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

ထို့နောက် သံအမတ်ကြီးမှ ယခုကဲ့သို့ မြန်မာနိုင်ငံ၏လိုအပ်မှုနှင့်အချိန်ကိုက်ညီစွာ လှူဒါန်းပေးခြင်းအတွက် ဝမ်းမြောက်စွာ ကျေးဇူးတင်ရှိကြောင်းပြောကြားခဲ့ပြီး၊ သက်ဆိုင်ရာဘဏ် များ၏ တာဝန်ရှိအကြီးအကဲများထံသို့ ကျေးဇူးတင်ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကာ ဘဏ် များ၏မြန်မာနိုင်ငံတွင်ရေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မြန်မာ -ကိုရီးယား နှစ်နိုင်ငံ စီးပွားရေးရာပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အစွန့်ရှည် တည်တံ့ခိုင်မြဲရေးတို့အတွက် အစဉ်အလေးထား၍ဆောင်ရွက်သွားကြရန် အကြံပြုဆွေးနွေးပေးခဲ့ ပါသည်။

မြန်မာသံရုံး၊ ဆိုးလ်မြို့အနေဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ (၁၅၆,၈၃၃) တန်ဖိုးရှိ အဆိုပါ COVID-19 ရောဂါစမ်းသပ်ရေးဆေးပစ္စည်းများကို မေလဆန်းပိုင်းတွင် လက်ခံရရှိမည်ဖြစ်ပြီး Myanmar Airways International (MAI) လေကြောင်းလိုင်းဖြင့် မြန်မာနိုင်ငံသို့ ဆောလျင်စွာ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

## ဂျပန်လေကြောင်းလိုင်း (JAL) က ၂၀၂၀ ဘဏ္ဍာနှစ်တွင် အမြတ် ၄၀ %ကျော် လျော့ကျနိုင်ကြောင်းခန့်မှန်းခဲ့

ဂျပန်လေကြောင်းလိုင်း (JAL) သည် လက်ရှိ ကိုရိုနာကပ်ရောဂါပြန့်ပွားနေသည့်အတွက် ၎င်းတို့၏ ယခုနှစ်အတွက် အသားတင်အမြတ်ငွေကို ၄၃ % ခန့်ထိ လျော့ကျနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းပြောဆိုခဲ့ပါသည်။ ကိုရိုနာကပ်ရောဂါပြန့်ပွားမှုသည် (JAL) ၏ ပြည်တွင်းနှင့် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ဆိုးဆိုးရွားရွားသက်ရောက်စေခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်အကုန်တွင် ရရှိမည့်အသားတင်အမြတ်ငွေသည် မူလရည်မှန်းထားသည့် ယန်း ၉၃ ဘီလီယံထက် ပိုမို လျော့ကျကာ ယန်း ၅၃ ဘီလီယံ (အမေရိကန်ဒေါ်လာ သန်း ၅၀၀) ခန့်သာ လျော့ကျရရှိမည်ဖြစ်ကြောင်း သုံးသပ်ပြောဆိုလိုက်ပါသည်။

ဗိုင်းရပ်စ်ပြန့်ပွားနေမှုတားဆီးရန် ကမ္ဘာတစ်ဝှမ်း နိုင်ငံများအကြား လေယာဉ်ဝင်/ထွက်မှု များပိတ်ပင်တားမြစ်ထားခြင်း၊ ဂျပန်တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေ ကြေငြာထားပြီး အာဏာပိုင်များက ပြည်သူပြည်သားများအား ခရီးသွားလာခြင်း မပြုရန် တောင်းဆိုထားခြင်းကြောင့် အဓိကပြည်တွင်းခရီးစဉ်များ ဖျက်သိမ်းလိုက်ရသည့်အတွက် ဝင်ငွေသိသိသာသာ ကျဆင်းလာရ ခြင်းဖြစ်ကြောင်း (JAL) က ဆိုပါသည်။ (JAL) အနေဖြင့် လေကြောင်းခရီးစဉ်များ လျှော့ချခြင်း၊ လေယာဉ် အရွယ်အစားလျှော့ချပျံသန်းခြင်းများ ဆောင်ရွက်နေသော်လည်း အဆိုပါကြိုးပမ်းချက်များသည် ဆုံးရှုံးမှုကိုကာမိခြင်း မရှိပါကြောင်း၊ ယခင်နှစ်ကရရှိခဲ့သည့် အသားတင်အမြတ်ငွေ ယန်း ၁၅၀ ဘီလီယံ ရရှိခဲ့ပြီး အရောင်းငွေမှာလည်း ၁.၄၈ ထရီလီယံရရှိခဲ့ပါကြောင်း ဆိုပါသည်။

ယခုဧပြီလအတွင်း ဩစတြေးလျနိုင်ငံ၏ ဒုတိယအကြီးဆုံးလေကြောင်းလိုင်းဖြစ်သည့် Virgin Australia သည် ကိုရိုနာ ကပ်ရောဂါဂယက်ကြောင့် ဒေဝါလီခံလိုက်ရသည့်ကိစ္စသည် ကမ္ဘာ့လေကြောင်းကဏ္ဍကို ဒဏ်ချက်တစ်ခုသဖွယ်ဖြစ်စေပါသည်။ ထို့အပြင် ယခု သီတင်းပတ်အတွင်း နော်ဝေးနိုင်ငံလေကြောင်းလိုင်းက ဆွီဒင်နှင့်ဒိန်းမတ်နိုင်ငံများရှိ ၎င်း၏လက်အောက်ခံ လေကြောင်းကုမ္ပဏီ ၄ ခုကို ဒေဝါလီခံမည့်ကိစ္စထုတ်ပြန်လိုက်ပါသည်။ ဂျပန်နိုင်ငံ၏ ANA လေကြောင်းလိုင်းကလည်း ၎င်း၏ နှစ်စဉ်အသားတင်အမြတ်ငွေကို ၇၁ % လျော့ကျသွားမည်ဖြစ်ကြောင်း ခန့်မှန်းပြောဆိုလိုက်ပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## STOCK EXCHANGE (30.4.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 30th Apr. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | +0 | +0.00% | 10,000 | 10,000 | 10,000 | 4,016 | 40,160,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,750 | -50 | -1.32% | 3,800 | 3,800 | 3,750 | 4,126 | 15,507,050 | 38,929,150 | 145,984 |
| MCB | 00003 | 8,100 | -200 | -2.41% | 8,200 | 8,200 | 7,400 | 705 | 5,369,500 | 10,400,986 | 84,248 |
| FPB | 00004 | 22,500 | +0 | +0.00% | 22,000 | 22,500 | 21,500 | 1,765 | 39,113,000 | 2,472,053 | 55,621 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 242 | 665,500 | 12,823,224 | 35,264 |

Activate Window

## Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 432.51 | -3.41 | -0.78% | 434.69 | 434.69 | 425.39 | 10,854 | 100,815,050 | 5 | 592,244 |

## Index chart




# Market Overview

As of 12:30 pm, 30th Apr. 2020

| MYANPIX | 431.61 ▼ 4.31 |
|---|---|
| Total Volume (shares) | 9,396 |
| Total Value (MMK) | 85 mil |
| Listed Company | 5 |
| Market Cap. (MMK) | 591,008 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,750 | ▼ 50 |
| MCB | 00003 | 8,100 | ▼ 200 |
| FPB | 00004 | 22,000 | ▼ 500 |
| TMH | 00005 | 2,750 | ▼ 50 |